ဈေးသစ်ကျေးရွာ

မော်နိုင်းကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဈေးသစ်ကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ဈေးသစ်ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
ဈေးသစ်ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၀
(ခ) သဘာဝအရင်းအမြစ်များ ၁၁
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၂
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၃
(င) ကျန်းမာရေးနှင့် အာဟာရ ၁၃
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၃
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၃
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၄
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၅
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၅
(င) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက် ၁၆
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၆
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၆
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၆
(ဈ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး ၁၇
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၁၈

(၎) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၈
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၉
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၂
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၃
(ဂ) ဦးစားပေး စီမံချက်များ ၂၆
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၇
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၈
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၈
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၈
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၉
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၉
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၀
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၁

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၂
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၃၅
ရည်ညွှန်းချက်များ ၃၆
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၃ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဈေးသစ်ကျေးရွာ
မော်နိုင်းကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

ဈေးသစ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း-ဈေးသစ်ကျေးရွာအရင်းအမြစ်ပြမြေပုံ - ဈေးသစ်ကျေးရွာ၊ မော်နိုင်းကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



ကျေးရွာ

ရာသီခွင်ပြ ပြကွဒိန်

လ/ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင် ☺😐☹	☺☺☺ ☺☺	☺😐😐 😐😐	😐😐😐 😐😐	☹☹☹ ☹☹	☹☹☹ ☹☹	☹☹☹ ☹☹	☹☹☹ ☹☹	😐😐😐 😐😐	😐😐😐 😐😐	☺☺☺ ☺☺	☺☺☺ ☺☺	☺☺☺ ☺☺
	$ $ $ $ $ $	$ $ $ $ $	$ $ $ $ $	$ $ $	$ $ $	$ $ $	$ $ $	$ $ $ $ $ $	$ $ $ $ $ $ $ $ $	$ $ $ $ $ $ $ $ $ $	$ $ $ $ $ $ $ $ $	$ $ $ $ $ $ $ $ $
	ပဲခရိုးငှဲ့ ဒိုတာဒြာခြိ	ပဲခရိုးငှဲ့ ဖြေပဲ ဒိုတာဒြာခြိ	စပါး၊ဟိုး၊ တောင်းပန်သည်	စပါးဒိုက်	စပါးဒိုက်	နွားခြံး ပဲခရိုးငှဲ့	နွားခြံး ပဲခရိုးငှဲ့	စပါး၊ဂိုတာ သိမ်း	ဖြေပဲဒိုတာ စပါးဂိုတာ	ဖြေပဲဒိုတာ စပါးဂိုတာ	နွားခြံးဂိုတာ သိမ်း	နွားခြံးဂိုတာ သိမ်း
	ကသီဓောဝါ ဟူသော နာဂဒိန် ဟာ	ကဆုန်ဟူသော ကောသာကီဆန် ဒေဝီ နာဂဒိန် ဟာ	ကနယုန်ဟူသော ကောသာကီဆန် ဒေဝီ ကြောက် တတ်သော	နွားတွင်းကွေး နာ၊ နွားကျောက် ကျွဲ၊ နွားဆွဲသူ	နွားတွင်းကွေး နာ၊ နွားကျောက် ကျွဲ၊ နွားဆွဲသူ	နွားတွင်းကွေး နာ၊	နွားရေ၊ ရေချိုးကျွဲ၊	နွားရေ၊ ရေချိုးကျွဲ၊	အရေးပေါ် အာဏာပိုင်	အရေးပေါ် အာဏာပိုင်	အာဏာ၊	ကသီဓောဝါ ဟူသော နာဂဒိန် ဟာ
သီးနှံပိုးမွှားရောဂါ ကျရောက်မှု						ဥယျာဉ်ခြံစည်းရိုး၊ စပါး၊ဥယျာဉ် ခြံ၊ငှေ့ဖျင်းခေတ်	စပါး၊နှံစိုက် ခြံ၊	အာဏာ၊	အာဏာ၊	အာဏာ၊	ခြံ၊ကုန်းမြေ၊ ကျွဲ၊ပြောင်း ရေဝဲပြီ၊	ခြံ၊ကုန်းမြေ၊ ကျွဲ၊ပြောင်း ရေဝဲပြီ၊
	သင်္ကြန်ပွဲ ကျင်း	အာဇာ မင်းမာ	အာဇာ မင်းမာ	ဝါဆိုသင်္ကန်း ကပ်ပွဲကျင်း	မဂ္ဂဒိ	မဂ္ဂဒိ	ဆုလေး ဖြူးကျွန်းပွဲ	ကထိန် ပွဲကျင်း	မဂ္ဂဒိ	မဂ္ဂဒိ	ဂျင်းမြေ နာဂသ	ဂျာနိုင်ခံ ဂျင်းမြေ နာဂသ
သဘာဝ ဘေးအန္တရာယ်	အာဏာ၊	အာဏာ၊	အာဏာ၊	ရေကြီး၊ ရေလျှံ	ရေကြီး၊ ရေလျှံ	ရေကြီး၊ ရေလျှံ	အာဏာ၊	အာဏာ၊	အာဏာ၊	အာဏာ၊	အာဏာ၊	အာဏာ၊

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ဈေးသစ်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၏ မော်နိုင်းကျေးရွာအုပ်စုတွင် တည်ရှိပါသည်။

မြို့နယ်ရုံးစိုက်ရာဝန်းသိုမြို့၏ အရှေ့ဘက်(၁၀)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ရွာ၏ အရှေ့ဘက်တွင် ဂျိုးတောင်တော်မကြီး၊ အနောက်ဘက်တွင် နောင်ကွင်းရွာ၊ အင်ပင်ရွာ၊ တောင်ဘက်တွင် ဂျိုးတောင်ရွာ၊ မြောက်ဘက်တွင် ကျီကုန်းရွာနှင့် ဇီးဖြူကုန်းရွာ၊ အနောက်ဘက်တွင် မှန်ကန်ရွာတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။

ဈေးသစ်ရွာသည် မြေပြန့်ဒေသဖြစ်သော်လည်း ရွာ၏ဘေးပတ်ဝန်းကျင်တွင် တောင်ကုန်း၊ တောင်တန်းများပေါများပါသည်။၄င်းတောင်ကုန်း ၊ တောင်တန်းများမှ မိုးတွင်းအခါတွင် စီးဆင်း လာသော တောင်ကျရေများသည် သီခါချောင်းအတွင်းသို့ စီးဝင်လျက်ရှိပါသည်။

သီခါချောင်းသည် ရွာ၏အရှေ့ဘက်တွင် တည်ရှိပါသည်။၄င်းချောင်းသည် ကျေးရွာအတွင်းသို့ ဖြစ်သန်းသွားသဖြင့် မိုးတွင်းအခါ နှစ်စဉ်ရေကြီးရေလျှံမှုများ အကြိမ်ကြိမ် ဖြစ်ပေါ်ပါသည်။ရွာ၏ အရှေ့ဘက်၊ အနောက်ဘက်နှင့် မြောက်ဘက်တို့တွင် လယ်ကွင်းများရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ကျေးရွာနှင့် ၅ မိုင်ခန့်ဝေးသောနေရာတွင် ရွှေ သတ္ထုကို တွေ့ရှိရပါသည်။သို့သော် ကျေးရွာနေ ပြည်သူများအနေဖြင့် အသုံးပြုရန်ခက်ခဲပါသည်။ သဲ၊ ကျောက်၊ ကျောက်စရစ်များကိုလည်း မောင်နှမချောင်းတွင် တွေ့ရှိပါသည်။ ထိုချောင်းသည် ရွာ၏ မြောက်ဘက် ၅မိုင်ခန့် အကွာတွင်တည်ရှိ၍ အလွယ်တကူ သယ်ယူရန် မလွယ်ကူပါ။ နွားစာနှင့် ဆေးဖက်ဝင်အပင်များ ပေါများပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ အိမ်ထောင်စုစာရင်းများအရ ၁ နှစ်အောက် ကလေး ၂၂ယောက်၊ ကျောင်းနေအရွယ် မရောက်သေးသည့် ၅ နှစ်အောက်ကလေး ၆၃ယောက်၊ ၅နှစ်မှ ၁၄နှစ်အထိ ကျောင်းနေ အရွယ်ကလေး ၁၉၂ ယောက်သည် လက်ရှိကျောင်းသူကျောင်းသားများ ဖြစ်ကြသည်။ အလုပ်လုပ်နိုင်သည့်အရွယ် ၆၇၆ ယောက်နှင့် ၆၅နှစ်နှင့်အထက်လုပ်ငန်းခွင်မှ အနားယူထားသည့် လူဦးရေ ၅၀ ယောက်ရှိပါသည်။အိမ်ထောင်စု ၁၉၇အိမ်တွင် လက်ရှိလူဦးရေ ၁၀၀၄ ယောက်ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။လယ်ယာမြေပိုင်ဆိုင်ပြီး လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်သော အိမ်ထောင်စု ၅၃ အိမ်ရှိပြီး၊ လယ်စုလုပ်ကိုင်သူ အိမ်ထောင်စု ၃စုရှိပါသည်။မွေးမြူရေးလုပ်ငန်းအနေဖြင့် ဝက်မွေးမြူရေးလုပ်ကိုင်သာ အိမ်ထောင်စု ၇စုရှိပါသည်။အဓိကလုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ကိုင်သူ အိမ်ထောင်စု စုစုပေါင်း ၁၃၄ စု ရှိပါသည်။အချို့မှာ စားဝတ်နေရေးပြေလည်ကြပြီး အချို့မှာ မပြေလည်ကြပါ။

လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြပါသည်။သို့သော် မိုးတွင်းအခါမှသာ မိုးရေရသဖြင့် စိုက်ပျိုးကြရပါသည်။ထိုစိုက်ပျိုးချိန် ရိတ်သိမ်းချိန်တို့တွင်သာ လုပ်ကိုင်ကြရ၍ ဝင်ငွေရပါသည်။ ဆောက်လုပ်ရေးဆိုင်ရာ လက်သမား ပန်းရံ စသည့် လုပ်ငန်းများသည်လည်း ပုံမှန်မလုပ်ကိုင်ကြရပါ။

ဈေးသစ်ကျေးရွာသည် အိမ်ထောင်စု ၁၉၇အိမ် ရှိသည့်အနက် မြေယာပိုင်ဆိုင်သော အိမ်ထောင်စုမှာ ၅၄ အိမ်သာရှိပါသည်။ မြေဆီလွှာအရည်အသွေးသည်လည်း အသင့်အတင့်သာရှိပါသည်။ ကျေးရွာနှင့် ၅ မိုင်ခန့်ဝေးသောနေရာတွင် ရွှေ သတ္ထုကို တွေ့ရှိရပါသည်။သို့သော် ကျေးရွာနေ ပြည်သူများအနေဖြင့် အသုံးပြုရန်ခက်ခဲပါသည်။ သဲ၊ ကျောက်၊ ကျောက်စရစ်များကိုလည်း မောင်နှမချောင်းတွင် တွေ့ရှိပါသည်။ထိုချောင်းသည်ရွာ၏ မြောက်ဘက်၅မိုင်ခန့်အကွာတွင်တည်ရှိ၍ အလွယ်တကူသယ်ယူရန်မလွယ်ကူပါ။နွားစာနှင့်ဆေးဖက်ဝင်အပင်များ ပေါများပါသည်။ ကျေးရွာနေအိမ်ထောင်စုများအနေဖြင့် မြေယာပိုင်ဆိုင်ပြီးစီးပွားရေးအခြေအနေကောင်းမွန်သော မိသားစုမှာ ၅ဖအိမ်သာရှိပါသည်။ စီးပွားရေးအသင့်အတင့်ကောင်းမွန်ပြီး ဝမ်းစာဖူလုံရုံသာ ဖူလုံသည့် မိသားစုဦးရေမှာ အများဆုံးဖြစ်ပါသည်။ရရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရသည့် အိမ်ထောင်စုမှာ များပြားပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ အိမ်ထောင်စု ၁၉၇ အိမ်ရှိသော်လည်း စီးပွားရေးအဆင်ပြေ၍ စားဝတ်နေရေးဖူလုံသော အိမ်ထောင်စုမှာ ၅ဖအိမ်သာရှိပါသည်။ အိမ်ထောင်စုအများစုသည် ကျန်းမားနေစဉ် လုပ်ကိုင်ရှာဖွေ၍ စားသောက်နိုင်သော်လည်း အပိုဝင်ငွေမရှိပါ။ ကျန်းမားရေး၊ ပညာရေး နေရာထိုင်ခင်းတို့အတွက် များစွာခက်ခဲကြရပါသည်။ ၄င်းတို့အထဲမှ စားဝတ်နေရေးခက်ခဲနေသော အိမ်ထောင်စု ၁၀ဦးခန့်သာရှိပါသည်။ မိသားစုစောင့်ရှောက်မှုမရှိသော ဖိစနှစ်အရွယ် တစ်ဦးတည်းနေထိုင်သော အိမ်တစ်အိမ်ရှိပါသည်။ ၄င်းအမျိုးသမီးသည် ယခင်သူမပိုင်ဆိုင်ခဲ့သော အိမ်ဝင်းမြေ (၃)ပုံ (၂)ပုံကိုရောင်းချပြီး နေထိုင်စားသောက်လျက်ရှိပါသည်။

ကျေးရွာအတွင်းနေထိုင်လျက်ရှိသော အိမ်ထောင်စုအများစုသည် ကျန်းမားရေးကောင်းသည့် အခါတွင်လုပ်ကိုင်နိုင်၍ စားနပ်ရိက္ခာအတွက် ဖြေရှင်းနိုင်ကြသည်။ မကျန်းမာသည့်အခါ စားသောက်ရန်၊ ဆေးဝါးကုသရန် များစွာခက်ခဲကြရပါသည်။ စိုက်ပျိုးမြေအသင့်အတင့်ရှိသော်လည်း စိုက်ပျိုးရေခက်ခဲပါသည်။ မိုးတွင်းအခါတွင် ရေကြီးခြင်းအကြိမ်ကြိမ်ဖြစ်ပေါ်သော်လည်း ထိခိုက်မှုနည်းပါသည်။ငှက်ဖျားရောဂါနှင့် အခြားကူးစက်ရောဂါ အနည်းငယ်ရှိပါသည်။ အချို့သော ကျေးရွာလူငယ်များသည် စဉ်းစားဆင်ခြင်နိုင်မှု အားနည်းကြသဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းမရှိကြပါ။သို့ပါ၍ ယာဉ်အန္တရာယ်ကြောင့် ထိခိုက်မှုအနည်းငယ်ရှိနေပါသည်။မူးယစ်ဆေးဝါး အန္တရာယ်သည် အခြားအရာများထက် ပိုမိုဆိုးဝါးစွာကျရောက်နေပါ၍ အချိန်မီမတားဆီးနိုင်ပါလျှင် လွန်စွာစိုးရိမ်ရပါသည်။ မြေယာမဲ့ ဆင်းရဲသားတောင်သူများနှင့်လက်လုပ်လက်စားများသည် အခြားသောလုပ်ငန်းများအပေါ် မှီခို နေထိုင်ရသဖြင့် စားဝတ်နေရေး ကြပ်တည်းပါသည်။

(ဃ)ပညာရေးနှင့်ကျွမ်းကျင်မှုများ။ ။ကျေးရွာအတွင်းနေထိုင်သူလူဦးရေ (၁၀၀၄) ယောက်ရှိပါသည်။အတန်းပညာ မသင်ယူရသေးသည့် အရွယ်မရောက်သူ ၈ဖယောက်ရှိပါသည်။၄င်းတို့မှ

လွဲ၍ အတန်းပညာပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီး ဖြစ်သော်လည်း စာလုံးဝမတတ် သူဦးရေမှာ ၁၀ ဦးသာရှိပါသည်။

လက်ရှိပညာသင်ယူနေသော မူလတန်းကျောင်းသူ/သား ၈၁ ယောက်၊ အလယ်တန်းတွင် ၈၄ ယောက်၊ အထက်တန်းတွင် ၄၆ ယောက်၊ တက္ကသိုလ်/ကောလိမ်တွင် ၄၁ ယောက်ရှိပါသည်။ကျောင်းသား ၁၂၁ယောက်နှင့် ကျောင်းသူ ၁၃၁ ယောက် စုစုပေါင်း ၂၅၂ ယောက်ရှိပါသည်။

ကျေးရွာအတွင်းတွင် စာသင်ကျောင်းမရှိပါ။မူလတန်းဦးရေ (၈၁)ဦးသာရှိပါသည်။ ရွာနှင့် တစ်ဆက်တည်းဖြစ်နေသော အထကဂျိုးတောင်သို့ သွားရောက်ပညာသင်ယူကြရပါသည်။ ကျောင်းသား/သူများသည် စာသင်ကျောင်းသို့ခြေလျင် သော်လည်းကောင်း၊ စက်ဘီး/ ဆိုင်ကယ်များဖြင့် လည်းကောင်း သွားရောက်သင်ယူကြပါသည်။ တစ်ဆက်တည်း ဖြစ်သော်လည်း မနီးသဖြင့် မူလတန်းကျောင်းသူ/သားများအများစုမှာ မိဘအုပ်ထိန်းသူများက နေ့စဉ် အကြိုအပို့ ပြုလုပ်ကြရပါသည်။

(c) ကျန်းမာရေး နှင့် အာဟာရ။ ။၂၀၁၇ခုနှစ်တွင် လေ့လာချက်အရ ဝမ်းပျက်ဝမ်းလျှောရောဂါ၊သွေးလွန်တုပ်ကွေးရောဂါ၊အသက်ရှူလမ်းကြောင်းရောဂါ၊ တီဘီရောဂါ၊ လိင်မှတစ်ဆင့် ကူးစက်နိုင်သောရောဂါ စသည့်ရောဂါများ ဖြစ်ပွားမှု အနည်းငယ်သာရှိပါသည်။ ကျန်းမာရေးဝန်းထမ်းများ၏ ကျန်းမာရေးအသိပေးချက်များကိုလည်း ရွာသူရွာသားများက လိုက်နာကျင့်သုံးဆောင်ရွက်ကြပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများ တွေ့ရှိရသော်လည်း အချိန်မီကုသကာကွယ်မှုများ လုပ်ဆောင်နိုင်ခဲ့ပါသည်။ ငှက်ဖျားရောဂါနှင့်သွေးတိုး ရောဂါဖြစ်ပွား မှုနှုန်းမှာ မြင့်ပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ။ရပ်ရွာ၏ သာရေးနာရေးကိစ္စရပ်များတွင် အမျိုးသမီးကြီးများသာမက အမျိုးသမီးငယ်များကလည်း တက်ကြွစွာပါဝင် လုပ်ကိုင် လျှက်ရှိပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့်လူထု၏ အသိအမြင်သည် အမျိုးသမီးများတွင်သာရှိပါသည်။သို့သော် အမျိုးသမီးတိုင်းမသိပါ။အနည်းစုသာ သိပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ကျေးရွာတွင် အဖွဲ့အစည်း ၇ဖွဲ့ရှိပါသည်။ အဖွဲ့အစည်းများအနက် သာရေးနာရေးလူမှုဖွံ့ဖြိုးရေးကို အခြေခံ၍ ဖွဲ့စည်းထားသော အဖွဲ့ ၄ဖွဲ့ရှိပါသည်။လုံခြုံရေးနှင့်ကာကွယ်ရေးကို အခြေခံသော အဖွဲ့၃ဖွဲ့ရှိပါသည်။အဖွဲ့အစည်း၏ ဆောင်ရွက်ချက်များသည် အသင့်အတင့်ရှိပါသည်။ သဒ္ဓမ္မပါလဈေးသစ်ဓမ္မစကူးကိုဖွင့်လှစ်နိုင်ရန်

ခမ္မစကူးဖောင်ဒေးရှင်းမှ ကူညီဆောင်ရွက် ပေးခဲ့ပါသည်။ နောင်လာမည့် မျိုးဆက်သစ် ကလေးများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက် စေရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ အိမ်ထောင်စုပေါင်း ၁၉၇အိမ်ရှိသည့်အနက် မြေယာမဲ့ ၁၃၄အိမ်ရှိပါသည်။ကျေးရွာ၏ ဉပုံ ၂ပုံခန့်မှာ မြေယာမဲ့များဖြစ်ပါသည်။ ၂.၅ဧကအောက်ပိုင်ဆိုင်သူမှာ ၁၃အိမ်၊ ၂.၅ဧကမှ ၅ဧကကြားပိုင်ဆိုင်မှုမှာ ၁၉အိမ်၊ ၅ဧကမှ ၁၂.၅ဧကကြားပိုင်ဆိုင်သူမှာ ၂၈အိမ်နှင့် ၁၂.၅ဧကအထက်ပိုင်ဆိုင်သူမှာ ၃အိမ် ရှိပါသည်။ စပါးစိုက်ဧက ၂၉၆.၆၁ဧကရှိသော်လည်း မြေဆီလွှာအရည်အသွေးမကောင်းသဖြင့် စပါးအထွက်နှုန်းနည်းပါသည်။စပါးစိုက်ပျိုးရာတွင် ဓါတ်မြေဩဇာနှင့်ပိုးသတ်ဆေးများကို အသုံးပြုကြရပါသည်။ လုပ်ငန်းခွင်လုပ်သား အလွယ်တကူမရရှိနိုင်သည့်အတွက်သီးနှံများကို အချိန်မီ စိုက်ပျိုးရန်၊ ရိတ်သိမ်းရန် ခက်ခဲကြပါသည်။ဓါတ်မြေဩဇာနှင့်ပိုးသတ်ဆေးတို့သည် ဈေးနှုန်းမြင့်ခြင်း လုပ်အားခဈေးကြီးခြင်း တို့ကြောင့် အကျိုးအမြတ်မှာ အနည်းငယ်သာ ရရှိပါသည်။ကျေးရွာအတွင်းတွင် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်နေကြသောအိမ်ထောင်စု (၅၃)အိမ် ရှိပါသည်။ ၄င်းတို့အနက် စိုက်ပျိုးရေးသုံးစက်ကိရိယာများ ပိုင်ဆိုင်လုပ်ကိုင်သူဦးရေမှာ အလွန်နည်းပါသည်။အများစုမှာ ဌါးရမ်းအသုံးပြုကြပါသည်။ဌါးရမ်းခမှာ ထွန်စက်ဌါးလျှင် ၁ဧက စပါး ၃တင်း၊ ခြွေလှေ့စက်ဌါးရမ်းပါက စပါးတင်း ၁၀၀ရလျှင် ၂တင်း မှ ၃တင်း စသဖြင့် ပေးရပါသည်။အခြားကိရိယာများကို မေတ္တာဖြင့်သာ ဌါးရမ်းကြပါသည်။လယ်ယာမြေအားလုံးသည် မြေဆီလွှာအရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။သို့သော် စိုက်ပျိုးရေသည် မိုးရေကိုသာ အဓိကအားထား၍ စိုက်ပျိုးရသဖြင့် အချိန်နှောင့်နှေးရပါသည်။စိုက်ပျိုးစရိတ်ချေးငွေသည် ယခင်နှစ်များကဲ့သို့မဟုတ်ပဲ အချိန်မီရရှိခဲ့ပါသည်။ထိုကဲ့သို့ စိုက်ပျိုးချိန်အမီ ချေးငွေများ ရရှိခဲ့ပါလျှင် လယ်ယာမြေအထွက်နှုန်းကောင်းမွန်၍ ပိုးမွှားအန္တရာယ် ကာကွယ်နိုင်ပါမည်။စိုက်ပျိုးရေးအတွက် မရှိမဖြစ်လိုအပ်သော စိုက်ပျိုးရေသည် မိုးရေကိုသာ အဓိကအားထား၍ လုပ်ကိုင်ကြရပါသည်။ မိုးရေလုံလောက်စွာမရရှိသောလယ်ယာမြေများသည် စိုက်ပျိုးရေအခက်အခဲကြုံကြရပါသည်။ မျိုးစပါးများကိုလည်း မျိုးကောင်းသန့်စိုက်ပျိုးရန် အလွယ်တကူဝယ်ယူမရနိုင်ပါ။ စိုက်ပျိုးရေးနည်းပညာဆိုင်ရာဗဟုသုတများ အလွယ်တကူ မရရှိသဖြင့် စိုက်ပျိုးရေးတွင် အထွက်နှုန်းမကောင်းခြင်း၊ ထုတ်ကုန်အရည်အသွေး မပြည့်မီခြင်းတို့ကြောင့် အလွယ်တကူမရောင်းချနိုင်ပါ။ ရရှိသင့်သောဈေးနှုန်းလည်း မရရှိပါ ။

လယ်ယာစိုက်ပျိုးရေးအတွက် ခိုင်းစေရန်ကျွဲနွားများကို မွေးမြူထားသော အိမ်ထောင်စု ၃၉အိမ်ရှိပါသည်။ကျွဲနွားအကောင်ရေ ၁၄၈ကောင်ရှိပါသည်။မိသားစုစားဝတ်နေရေးအတွက် တပိုင်တနိုင် ဝက်မွေးမြူသောအိမ် ၇၅အိမ်ရှိပြီး ၄၁၉ကောင် ရှိပါသည်။ စီးပွားဖြစ် ကြက်မွေးမြူသော အိမ်ထောင်စု၂စုရှိပြီး ကျန်၂၄အိမ်မှ မိမိတို့စားသုံးရန် အနည်းငယ်သာ မွေးမြူကြပါသည်။ ဘဲမွေးမြူသော အိမ်ထောင်စု၁ စုရှိပြီး ၃ကောင်သာ မွေးမြူထား ပါသည်။

ငါးမွေးမြူရေးလုပ်ကိုင်သော အိမ်ထောင်စုသည် စနစ်တကျမွေး မြူထားခြင်း မဟုတ်သဖြင့် မိမိတို့မိသားစုစားသောက်ရန်သာ လုံလောက်ပါသည်။ မွေးမြူရေးလုပ်ကိုင်ရန်အတွက် ကျေးရွာအပြင်ဘက်တွင် မြေအသင့်အတင့်ရှိပါသည်။ ရေတွင်းများတူးဖော်ခြင်း၊ မိုးရေကန်များ တူးဖော်ခြင်း ပြုလုပ်လျှင် ရေအသင့်အတင့်ရရှိနိုင်ပါသည်။ အချို့သောအိမ်ခြံဝင်းအတွင်းတွင် မွေးမြူရေးလုပ်ကိုင်ရန် မြေနေရာအသင့်အတင့်ရှိပါသည်။ မွေးမြူရေးပြုလုပ်ရန်လိုအပ်သော မျိုးတိရစ္ဆာန်များကို ဝယ်ယူရရှိရန် မလွယ်ကူပါ။အရင်းအနှီးများ ပြုလုပ်ရန်ချေးငွေ ရရှိမှုလည်း မလွယ်ကူပါ။မွေးမြူရေးသုံး အစာ ဆေးစသည်တို့သည်လည်း အလွယ်တကူ ဝယ်ယူမရရှိနိုင်ပါ။ ယခုအချိန်သည် ယခင်နှစ်များထက် ဝက်မွေးမြူရေးကို ပိုမိုတိုးချဲ့ လုပ်ကိုင် လာကြသော်လည်း မွေးမြူ ရေးနည်းပညာများ အားနည်းသည့်အတွက် အကျိုးအမြတ် ရရှိမှုနည်း ပါးသည်။ လွယ်ကူစွာလည်းမရောင်းချနိုင်ပါ။ငါးမွေးမြူရေးအတွက်ကောင်းမွန်သောမြေမျိုးမဟုတ်ပါ။ငါးသားပေါက်များ လည်းလွယ်ကူစွာ မရနိုင်ပါ။ချေးငွေသွင်းအားစု နည်းပညာအကူအညီ တို့သည်လည်း အလွယ်တကူ မရနိုင်ပါ။

(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ လုပ်သားအင်အား ရရှိနိုင်မှု အသင့်အတင့်ရှိပါသည်။ ကျပန်းလုပ်ကိုင်သော အိမ်ထောင်စု ၅၀ရှိသည့်အနက် မိသားစုဝင်လုပ်အား ၂၇ယောက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာလည်း သင့်တင့်ပြီး တစ်ရွာလုံးလျှပ်စစ်မီးကို အသုံးပြုနိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များအနေဖြင့် အမျိုးသမီးများသည် စက်ချုပ်အလှပြင် ဆံသ စသော လုပ်ငန်းများကို အသင့်အတင့် သင်ယူနိုင်ကြပါသည်။ အမျိုးသားလူငယ်များမှာ ဆောက်လုပ်ရေးအတတ်ဖြစ်သော ပန်းရံလက်သမား ဆိုင်ကယ်ဝပ်ရှော့ စသည်တို့ကို လေ့လာသင်ယူနိုင်ပါသည်။ သစ်တောထွက်ပစ္စည်းများနှင့်သဘာဝ အရင်းအမြစ်များဖြစ်သော သဲကျောက် စသည်တို့သည် မိမိတို့ဒေသတွင်း အသုံးပြုနိုင်ရုံသာ ရရှိပါသည်။ အခြားဒေသသို့တင်ပို့ ရောင်းချရန် ပစ္စည်းများမရရှိသကဲ့သို့ ဈေးကွက်လည်းမကောင်းပါ။ ကျေးရွာနေပြည်သူများသည် ဗဟုသုတအားနည်းသည့်အတွက် ဈေးကွက်အခြေအနေကိုလည်း ကောင်းစွာနားမလည်ကြပါ။ ဖွံ့ဖြိုးတိုးတက်ရန်လုပ်ကိုင်နေသော ကျေးရွာဖြစ်သဖြင့် ကုန်ကြမ်းရရှိမှုလည်း နည်းပါးသည်။ ချေးငွေအလွယ်တကူ လိုသလောက်မရပါ။ စက်ရုံ အလုပ်ရုံများ မရှိသဖြင့် လုပ်ကိုင်ရန် အခွင့်အလမ်း အနည်းငယ်သာ ရှိပါသည်။

(ဃ) ရွှေပြောင်းလုပ်သားများ။ ။ကျေးရွာအတွင်းနေထိုင်သူများမှ အခြားတနယ်တကျေးသို့ သွားရောက်ပြီး စီးပွားရှာသူ ပညာသင်သူ တာဝန်ထမ်းဆောင်သူအမျိုးသား ၂၅ယောက်နှင့် အမျိုးသမီး ၁၇ယောက်ရှိပါသည်။ပြည် ပသို့သွားရောက်လုပ်ကိုင်သူအမျိုးသား ၃ဦးရှိပါသည်။ ၁၂လထက် ပြောင်းရွှေ့နေထိုင်သူမှာ အများဆုံးဖြစ်ပြီး ၂၇ ယောက်ရှိပါသည်။

မိမိတို့ဒေသသည် မြေယာမဲ့အိမ်ထောင်စုအများအပြားရှိပြီး လုပ်ကိုင်စားသောက်ရန်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့်အတွက်ပိုမိုကောင်းမွန်သောအလုပ်အကိုင်အခွင့်အလမ်းများရှာဖွေ

ရန် အခြားဒေသသို့သွားရောက်သူဦးရေ ၄၄ ယောက်ရှိပါသည်။

ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့သောဝင်ငွေကို မှီခိုနေရသော မိသားစု ၃၅စုရှိပါသည်။အမြင့်ဆုံး: မှီခိုနေရသော အိမ်ထောင်စု ၁ စု၊ အလယ်အလတ်နှင့်သာမန်အနည်းငယ်သာမှီခိုနေရသော အိမ်ထောင်စု ၁၇ စုရှိပါသည်။ အချို့သည် ဘဏ်မှသော်လည်းကောင်း၊ အချို့သည် လူကြီးဖြင့်လည်းကောင်း ပြန်လည်ပို့ပေးကြပါသည်။

(c) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။ ။ဈေးသစ်ကျေးရွာနှင့်တစ်ဆက်တည်းရှိသော ဂျိုးတောင် ရွာတွင် မြို့မဈေးရှိပါသည်။၄င်းသို့ ခြေလျင်သော်လည်းကောင်း၊ စက်ဘီး/ ဆိုင်ကယ်ဖြင့်သော်လည်းကောင်း သွားလာဝယ်ယူကြပါသည်။စားသောက်ကုန်မျိုးစုံ၊ အိမ်သုံးပစ္စည်းအချို့၊ အဝတ်အထည်နှင့်ဆောက်လုပ်ရေးပစ္စည်းအချို့ကို ဝယ်ယူရရှိနိုင်ပါသည်။ ပစ္စည်းမျိုးစုံ ဝယ်ယူရရှိနိုင်ရန် မန္တလေးမြို့သို့ သွားရောက်ရပါသည်။ထို့သို့သွားရောက်ဝယ်ယူရာတွင် မီးရထားဖြင့် ဖြစ်စေ ကားဖြင့်ဖြစ်စေ သွားလာကြပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ကျေးရွာအတွင်း နေထိုင်သော တောင်သူလယ်သမားများအတွက် စိုက်/ဘဏ်မှ နှစ်စဉ်စိုက်ပျိုးစရိတ်ထုတ်ချေးပေးပါသည်။ စပါးရိတ်သိမ်းပြီးချိန် ပြန်ဆပ်ရပါသည်။သမဝါယမငွေစုငွေချေးမှလည်း ချေးယူရရှိနိုင်ပါသည်။၃-ဖြလအတွင်း ပြန်လည်ပေးဆပ်ရပါသည်။လယ်/မြေပိုင်ဆိုင်သူများကိုသာချေးပေးပြီး အတိုးနှုန်းမှာ ၁ မှ ၂ % သာဖြစ်ပါသည်။လိုချင်သည့်အချိန်တွင် လိုသလောက်ပမာဏ မရဘဲ သတ်မှတ်ချိန်မှ သော သတ်မှတ်ထားသော ပမာဏကို ရရှိပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ မိုးတွင်းအခါ မိုးရေရရှိပြီး ဆောင်းလယ်နှင့် နွေအခါတို့တွင်ချောင်းမြောင်းတို့မှ ရေများခမ်းခြောက်ကုန်ပါသည်။ထို့သို့မဟုတ်ပဲ တစ်နှစ်ပတ်လုံးရရှိလျှင် စိုက်ပျိုးရန်အထောက်အကူဖြစ်နိုင်ပါသည်။အိမ်တိုင်းတွင် နေ့စဉ်နေ့တိုင်း အသုံးပြုလျှက်ရှိသော ပစ္စည်းများမှ စွန့်ပစ်အမှိုက်များကို စနစ်တကျ စွန့်ပစ်နည်းပါးပါသည်။ အချို့သောအိမ်ထောင်စုများက သတ်မှတ်ထားသော အမှိုက်ကျင်းတွင် စွန့်ပစ်သော်လည်း အချို့က မလိုက်နာပါ။စီမံခန့်ခွဲမှု လိုအပ်နေပါသေးသည်။သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများမှာမြေဆီလွှာညံ့ခြင်း၊အပင်မျိုးစေ့လက်လှမ်းမမှီခြင်း၊ရေအရင်းအမြစ်ရှားပါးခြင်း၊သားငါးတိရစ္ဆာန်မျိုးကွဲနှင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနည်းပညာ မရှိခြင်းတို့ဖြစ်ပါသည်။

(ဇ)ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျေးရွာအတွင်း နေထိုင်သူလူဦးရေ ၁၀၀၄ ယောက်ရှိပါသည်။အတန်းပညာ မသင်ယူရသေးသည့် အရွယ်မရောက်သူ ၈၆ယောက်ရှိပါသည်။၄င်းတို့မှ လွဲ၍ အတန်းပညာပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီး ဖြစ်သော်လည်း စာလုံးဝမတတ်သူဦး:ရေမှာ ၁၀ ဦးသာရှိပါသည်။

လက်ရှိပညာသင်ယူနေသော မူလတန်းကျောင်းသူ/သား ၈၁ ယောက်၊ အလယ်တန်းတွင်၈၄ ယောက်၊ အထက်တန်းတွင် ၄၆ ယောက်၊ တက္ကသိုလ်/ကောလိမ်တွင် ၄၁ ယောက်ရှိပါသည်။ကျောင်းသား ၁၂ယောက်နှင့် ကျောင်းသူ ၁၃၁ ယောက် စုစုပေါင်း ၂၅၂ ယောက်ရှိပါသည်။လက်ရှိဘွဲ့ရလူငယ် အမျိုးသား/သမီးအများစုမှာ အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အလှပြင်ဆိုင်များနှင့် ကိုယ်ပိုင်ဘော်ဒါ ဆောင်များဖွင့်၍ အသက်မွေးဝမ်းကျောင်းပြုလျှက်ရှိပါသည်။

ကျန်းမားရေးဌာနမှ ချမှတ်သော လိုအပ်သည့်ဆောင်ရွက်မှုများကို ဂရုစိုက်၍ ဆောင်ရွက်ပေးရပါသည်။ အဟာရပညာပေး အစီအစဉ်များအနေဖြင့် သီးသန့်မလုပ်ဆောင်ပေးပါ။ ကာကွယ်ဆေးထိုးနှံသည့် အခါတိုင်း အခါအားလျော်စွာလုပ်ဆောင်ပေးပါသည်။ယခု နိုဝင်ဘာလ ၂၂ ရက်နေ့မှစတင်၍ ဂျပန်ဦး:နှောက် ရောင် ရောဂါကာကွယ်ဆေးထိုးပေးပါသည်။

ကျေးလက်ကျန်းမားရေးဌာနသည်လည်း ကျေးရွာအတွင်းတွင် မရှိပါ။ရွာနှင့်ဝမိုင်ခန့်ဝေးသော အုပ်စုကျေးရွာဖြစ်သည့် မော်နှိုင်းရွာတွင်သာ ရှိပါသည်။ကျေးရွာအတွင်းတွင် ဆေးဆိုင် ၃ ဆိုင်ရှိပါသည်။တိုက်နယ်ဆေးရုံသည်လည်း ကျေးရွာနှင့် ၁ မိုင် အတွင်းတွင် ရှိပါသည်။

စျေးသစ်ကျေးရွာတွင် အိမ်ထောင်စု ၁၉၇ အိမ်ရှိသည့်အနက် ရေတွင်းရေကို အသုံးပြုသော အိမ်ထောင်စု ၁၂၂ စုရှိပါသည်။အဝီစိတွင်းတွင် စက်တပ် ၁ ခုနှင့် တုံကင် ၃ခုလည်း ရှိပါသည်။ကျေးရွာအတွင်းရှိရေတွင်းများမှ ရေများသည် မိုးနှင့်ဆောင်းအချိန်၌ ဖူလုံပြီးနွေအခါတွင် ခမ်းပါသည်။သို့သော် ကျေးရွာအတွင်းရှိ ရေများသည် ထုံ:ဓါတ်၊ အက်ဆစ်ဓါတ် လွန်ကဲနေခြင်းကြောင့် မည်သည့်အခါတွင်မှ သောက်သုံး၍ မရပါ ။ အဝတ်အစား လျှော်ဖွက်ရန် ၊ ချိုးရန်သာ အသုံးပြုရပါသည်။

ယခုအခါ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရေသန့်ရှင်းရေးတို့အတွက် ကျန်းမာရေးဌာနမှ ညွှန်ကြားထားသည့်အတိုင်း သန့်ရှင်းသော ယင်လုံအိမ်သာကိုသာ တစ်ရွာလုံး သုံးစွဲလျှက်ရှိပါသည်။

(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး) ။ ။ကျေးရွာအတွင်း ရွာလမ်းမကြီးသည် ကတ္တရာလမ်း အမျိုးအစားဖြစ်၍ ၂၀၁၅ ခုနှစ်တွင်မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။လမ်း၏အရှည်မှာ ၁ မိုင်ခန့်ရှိပြီး ယခုအခါ လမ်းအနေအထားမှာ ချိုင့်ခွင်များစွာ ဖြစ်ပေါ်နေ၍ အသင့်အတင့်းသာ ကောင်းမွန်ပါသည်။ချဉ်းကပ်လမ်းမှာ မြေသားလမ်းဖြစ်ပြီး ပွင့်လင်းရာသီတွင်သာ ကောင်းမွန်ပါသည်။ ရွာချင်းဆက်လမ်းများမှာ ကတ္တရာလမ်းဖြစ်၍ ကောင်းမွန်ပြီး အချို့မှာ မြေသားလမ်းဖြစ်၍ ရာသီမရွေးသွားလာရန် ခက်ခဲပါသည်။

ကျေးရွာအတွင်းတွင် ရွာချင်းဆက်လမ်းပေါ်၌ သစ်တားတံတား ၃ စင်းရှိပါသည်။ ထိုတံတားများသည်လွန်ခဲ့သော ၅ နှစ်အထက်က တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ ထိုတံတားများသည် ယခုအခါ တန်ချိန်လွန်ကားများ သွားလာကူးသန်းခြင်းနှင့် တည်ဆောက်ခဲ့သောနှစ် အချိန်ကြာမြင့်ပြီဖြစ်တဲ့အတွက် မကောင်းမွန်တော့ပဲ အခင်းများ ကျိုးပဲ့ခြင်း၊ တိုင်များယိုင်နေခြင်း ဖြစ်ပေါ်နေပါသည်။

အိမ်ထောင်စု ၁၉၇ အိမ်ရှိသည့်အနက် မော်တော်ဆိုင်ကယ်ပိုင်ဆိုင်သူအများစုဖြစ်ပြီး စုစုပေါင်း ၂၈၀ စီးရှိပါသည်။မပိုင်ဆိုင်သော အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။စက်ဘီး ၁၃၁ စီး၊ သုံးဘီး ဆိုင်ကယ် ၄ စီး၊ ထော်လာကျီ ၂၂ စီး၊ လှည်း ၂၆ စီးကို အသုံးပြုသယ်ယူပို့ဆောင်လျက် ရှိပါသည်။

မဟာဓါတ်အားလိုင်းကို တစ်ရွာလုံးက အသုံးပြုလျက်ရှိပါသည်။လျှပ်စစ်မီးအသုံးပြုရာတွင် ကူညီစောင့်ရှောက်ရန်အတွက် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီကိုဖွဲ့ပြီး ဆောင်ရွက်ကြပါသည်။ကော်မတီမှလည်း ပြုပြင်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအချိန်ကာလအထိ ကြီးမားသော အခက်အခဲမရှိသေးပါ။ဆိုလာ အသုံးပြုသူ ၈ အိမ်၊ ဒီဇယ်အင်ဂျင်ပိုင်ဆိုင်သူ ၂၅ အိမ်ရှိပါသည်။ ၄င်းပစ္စည်းများသည် တစ်စုံတစ်ရာပျက်စီးသွားလျှင် အလွယ်တကူပြုပြင်ရန် မလွယ်ကူပါ။

ဆက်သွယ်ရေးသုံးပစ္စည်းဖြစ်သည့် ဖုန်းကို အိမ်ထောင်စုတိုင်းလိုလို အသုံးပြုလျက်ရှိပါသည်။ အသုံးမပြုနိုင်သော အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။အိမ်ထောင်စု ၁၇၉ အိမ်တွင် ဖုန်း ၄၂၃ လုံးရှိပါသည်။ သတင်းအချက်အလက်များသိရှိနိုင်ရန် တီဗွီ ၊ ဂြိုလ်တု၊ စလောင်းနှင့် ရေဒီယိုတို့ကိုလည်း သုံးစွဲကြပါသည်။ကျေးရွာအတွင်းတွင် တယ်လီနောကုမ္ပဏီမှ ဆောင်ရွက်လုပ်ကိုင်သော ဆက်သွယ်ရေးတာဝါတိုင်တစ်ခု ရှိနေပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။လူငယ်/ရွယ်များ အပမ်းဖြေအနားယူရန်နေရာများ သီးသန့် မရှိပါ။မြန်မာ့ရိုးရာဓလေ့ထုံးစံအရ ကျင်းပသော ရာသီအလိုက်ပျော်ပွဲရွင်ပွဲများသာ ရှိပါသည်။ သီတင်းကျွတ်လ မီးထွန်းပွဲ၊ တန်ဆောင်မုန်းလ လထိန်ပွဲ၊ တန်ခူးလ သင်္ကြန်ပွဲ၊ ကဆုန်လ ညောင်ရေသွန်းပွဲ စသည်ဖြင့် ပျော်ရွှင်စွာကျင်းပကြပါသည်။ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်မိရပ်ဖများမှ ဦးဆောင်၍ လူငယ်များက တက်ကြွစွာ ဆောင်ရွက်ကြပါသည်။လူငယ်များအနေဖြင့် ဘောလုံးကစားခြင်း၊ ခြင်းလုံးကစားခြင်း၊ ချက်ထိုးခြင်း၊ စစ်တုရင်ကစားခြင်း စသည့် အားကစားများကိုသာ ကစားကြရပါသည်။ကျေးရွာအတွင်းတွင် စာပေဗဟုသုတလေ့လာရန်နေရာမရှိပါ။

(ဋ္ဌ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ကျေးရွာအတွင်းတွင် မူးယစ်ဆေးသုံးစွဲနေသော လူငယ်/ရွယ်များ ရှိနေပါသည်။၄င်းလူငယ်များသည် မကြာခဏ ခိုးမှုများကို ကျူးလွန်နေကြပါသည်။ယခုလက်ရှိ ဆေးသုံးစွဲနေသော လူငယ်/ရွယ် များအပြင် နောက်ထပ်ဆေးစွဲသူဦးရေများပြားလာလျှင် ကျေးရွာ၏လုံခြုံရေးနှင့် အေးချမ်းသာယာရေးကိုပါ ထိခိုက်လာနိုင်၍ စိုးရိမ်ရပါသည်။ယခုအခါတွင် သာမန်ခိုးမှုများကိုသာ တွေ့ကြုံကြရသော်လည်း ရေရှည်တွင် စိုးရိမ်ရပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက် ကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိပြီး မြေဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ ရေအရင်းအမြစ်ရရှိနိုင်သော တောင်ကျချောင်းများ ရှိပါသည်။ စားကျက်မြေအသင့်အတင့်ရှိသည့်အတွက် မွေးမြူရေးတွင်လည်း နွား၊ ကြက်၊ ဝက်များကို လက်ရှိအခြေအနေထက် တိုးချဲ့မွေးမြူနိုင်ပါသည်။ ကျောက်၊ သဲများ ပေါများစွာ ရရှိနိုင်သည့်အပြင် ဈေးကွက်လည်းရှိပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် တောင်ကျချောင်းရေများရှိသော်လည်း ရေကိုသိုလှောင်မထားနိုင်ခြင်းကြောင့် မိုးရေကို သာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရ သော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူ ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေမရှိပါ။ မျိုးကောင်းမျိုးသန့်များ လွယ်ကူစွာဝယ်ယူ၍မရနိုင်ပါ။ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းကြောင့် စိုက်ပျိုးရာသီ ပြီးချိန်တွင် အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြရပါသည်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ ဈေးကွက် နှင့် မျိုးကောင်းမျိုးသန့်များ လက်လှမ်းမမီကြခြင်းများမှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။ ထို့ပြင်မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ခိုးမှုများ များပြားလာခြင်း၊ ကူးစက်ရောဂါ ရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းရသူများ ပေါများလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျှော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် လူမှုအခြေခံအဆောက်အဦးများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထုများ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာအသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့ အကျင့်ဖြစ်လာစေရန် စာကြည့်တိုက်အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက် ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေးလုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့်

ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်းဖြင့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

(၇)။ ။ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာ၏ စားဝတ်နေရေးမပြေလည်သော အိမ်ထောင်အများစုမှာ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသဖြင့် စိုက်ပျိုး ရေ လုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေး ကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြား သက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မြို့ကောင်းမြို့သန့်များ မသုံးနိုင်ခြင်း များကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်း တစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထား ချက်များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်း များကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် ကျပန်းလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုသူများ၊လူငယ်/ရွယ်များအတွက် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာအခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ပွားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။အခြေခံအဆောက်အဦး	၁။တံတားဥစင်းအားသစ်သားတံတားမှကွန်ကရစ်တံတားအဖြစ်အဆင့်မြှင့်တည်ဆောက်ခြင်း	၁၁၅	၄		
၂။ ပညာရေး	၂။မူလတန်းကျောင်းဆောင်သစ်စတင်ဆောက်လုပ်ခြင်း ၃။လုံလောက်သော ဆရာ ဦးရေရရှိရန် ဆောင်ရွက်ခြင်း	၁၂၃	၃		
၃။ စိုက်ပျိုးရေး	၄။ချောင်းပြန်လည် တူးဖော်ခြင်း ၅။တစ်ဖက်ပိတ်ဆည်များပြုလုပ်ခြင်း ၆။ရေထိန်းနံရံများ ပြုလုပ်ခြင်း	၉၆	၆		
၄။ သောက်/သုံးရေ	၇။စိမ့်စမ်းရေ သွယ်ခြင်း ၈။ရေစုကန်တည်ဆောက်ခြင်း	၁၅၀	၁		
၅။လူငယ်နှင့်အားကစား	၉။ စာကြည့်တိုက်ဆောက် လုပ်ခြင်း ၁၀။ စာပေဟောပြောပွဲများ ကျင်းပခြင်း ၁၁။ အပန်းဖြေအားကစားကွင်းများ တည်ဆောက်ခြင်း	၁၀၆	၅		
၆။ စီမံခန့်ခွဲမှု	၁၂။ ချောင်းကမ်းပါးယံများကိုမြေမပြိုကျဘဲ ရေစီးရေလာကောင်းစေ	၁၄၁	၂		

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
	ရေးအတွက်ကွန်ကရစ်ကမ်းပါးတည် ဆောက်ခြင်း ၁၃။သုတ္တန်မြေပြောင်းရွှေ့ခြင်း				

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင်ဆောင်ရွက်ခြင်း တံတားငုစင်းအားသစ်သားတံတားမှကွန်ရစ်တံတားအဖြစ်အဆင့်မြှင့်တည်ဆောက်ခြင်း	၄		✓	✓		
၂	မူလတန်းကျောင်းဆောင်သစ်စတင်ဆောက်လုပ်ခြင်း လုံလောက်သော ဆရာ ဦးရေရရှိရန် ဆောင်ရွက်ခြင်း	၃			✓	✓	
၃	ချောင်းပြန်လည် တူးဖော်ခြင်း တစ်ဖက်ပိတ်ဆည်များပြုလုပ်ခြင်း ရေထိန်းနံရံများ ပြုလုပ်ခြင်း	၆				✓	
၄	စိမ့်စမ်းရေ သွယ်ခြင်း ရေစုကန်တည်ဆောက်ခြင်း	၁		✓			
၅	စာကြည့်တိုက်ဆောက် လုပ်ခြင်း စာပေဟောပြောပွဲများ ကျင်းပခြင်း အပန်းဖြေအားကစားကွင်းများတည်ဆောက်ခြင်း	၅			✓	✓	
၆	ချောင်းကမ်းပါးယံများကိုမြေမပြိုကျဘဲရေစီးရေလာကောင်းစေရေးအတွက်ကွန်ကရစ်ကမ်းပါးတည်ဆောက်ခြင်း သုတ္တန်မြေပြောင်းရွှေ့ခြင်း	၂		✓			

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၁	တံတားဥစင်းအားသစ်သားတံတားမှကွန်ရစ်တံတားအဖြစ်အဆင့်မြှင့်တည်ဆောက်ခြင်း			✓		
၂	မူလတန်းကျောင်းဆောင်သစ်စတင်ဆောက်လုပ်ခြင်း လုံလောက်သော ဆရာဦးရေရရှိရန် ဆောင် ရွက်ခြင်း			✓		
၃	ချောင်းပြန်လည် တူးဖော်ခြင်း တစ်ဖက်ပိတ်ဆည်များပြုလုပ်ြင်းရေထိန်း နံရံများ ပြုလုပ်ခြင်း			✓		
၄	စိမ့်စမ်းရေ သွယ်ခြင်း ရေစုကန်တည်ဆောက်ခြင်း			✓		
၅	စာကြည့်တိုက်ဆောက် လုပ်ခြင်း စာပေဟောပြောပွဲများ ကျင်းပခြင်း အပန်းဖြေအားကစားကွင်းများ တည်ဆောက်ခြင်း			✓	✓	
၆	ချောင်းကမ်းပါးယံများကိုမြေမျိုကျဘဲ ရေစီးရေလာကောင်းစေ ရေးအတွက်ကွန်ကရစ်ကမ်းပါ			✓		

	ားတည် ဆောက်ခြင်း သုတ္တန်မြေပြောင်းရွှေ့ခြင်း					

